www.burmeseclassic.com



ဘက်ဆုံး အစွန်မှာရှိသည်။ သည်ခြံ၏တစ်ဖက်မှာတော့ လယ်မစိုက်တော့
သော်လည်း လယ်ကွင်းဟောင်း ဖိုက်တောကြီးနှင့် ဆက်နေသဖြင့် ပတ်ဝန်း
ကျင် လူသူလေးပါးနှင့် ကင်းကွာသလို ဖြစ်နေသည်။ ခေါင်သုံးလုံးဆ
အိမ် ဖြစ်သော်လည်း အိမ်က ကြီးလှသည်တော့ မဟုတ်။ ဝါးထရံအိ
နှစ်ထပ်။ ရေနံချေးတွေက အိမ်ဆောက်စက လက်ကျန်တွေ ဖြစ်နိုင်သည်
ခြောက်သည့်နေရာ ခြောက်၊ အရောင်ကျန်သည့်နေရာက ကျန်ဆိုတော
သနပ်ခါးပိန်းကျားမှာ ချေးစီးကြောင်းတွေ ရှိနေတာနှင့် တူသည်။ ပ
ဆွဲပြားတွေက ပြုတ်ကျသည့်နေရာက ပြုတ်ကျနေသည်။ ပြတင်းဇလီတ
က သစ်သားကြမ်းဆိုတော့ လေဒဏ်၊ နေဒဏ်၊ မိုးဒဏ်တွေကို တစ်ချိ
က ကြံ့ကြံ့ခံနိုင်ခဲ့ပုံ ရသော်လည်း အခုတော့ ရွဲ့တာကရွဲ့၊ စောင်းတာ
စောင်း။ အချို့ ပြတင်းမှာတော့ ထရံကပ်ဇလီတွေ မရှိတော့ အစ
ထိုးထိုးထောင်ထောင် ဖြစ်နေတာကလည်း အကျည်းတန်လှသည်။ အိ
အပေါ်ထပ်ကို ဆောင်မကြီးအတွင်းဘက် ညှော်ခန်းလို နေရာဖြစ်သည်
အတွင်းထဲမှ တပ်ထားသည့် လှေကားက တက်နိုင်သည်။ လှေကာ
ကလည်း ခရီးခရိုင်။ အသားတွေက မမှန်တော့ အစိုဓာတ်ကလေးရှိတု
ကတော့ သပ်သပ်ကျပ်ကျပ် ရှိခဲ့ပုံရသော်ငြား အသားတွေ ခြောက်သွ
တော့ စရွေးတွေချောင်ကာ 'အသာရပ္ပ' သသော ဆောင်နေလေသည်
လှေကားများတွင် ပါတတ်သည့် 'အတင့်သုံးမျိုး' ဖြစ်သော အရပ်တင
အပြောက်တင်၊ သင်းကြောတင်ဟူ၍ မရှိ။ ပကတိ ပြောင်ရှင်းကြီး ဖြ
သည်။ တံခါးပေါက်များ၏ အပေါ်ဘက်ထောင့်များ၊ တန်းနှင့် တိုင်တို
ဆုံရာတို့တွင် ဖြစ်ပေါ်လာသော ထောင့်များတွင် ထောင့်သားမပေါ်အော
ဖြေသည့် ပုစွန်တုပ်ကွေး၊ လင်းနို့တောင်နှင့် သရက်ကင်းမည်သော အ
သုံးမျိုးကိုလည်း မမြင်ရ၊ ဖွယ်ဖွယ်ရာရာ ထွေထွေထူးထူး မရှိဘဲ
ပေါပေါ လက်သမားနှင့် ဆောက်ထားခဲ့ပုံရသည်။ အိမ့်နောက်ဆောင်



ပ်ထပ်တင်သည့် အိမ်ပုဆစ်တုပ်မျိုး မဟုတ်ဘဲ နောက်ဖေးဆောင်ကတော့
ိုးအဖီကလေး ထုတ်ထားကာ မှိုင်းချေးတွေ ဝနေလေသည်။

သည်အိမ်က အိမ်ရှင်လင်မယားမှာ ကျွန်တော်တို့ မိသားစုနှင့်
ခင်လာသည့်အခါ နှစ်အိမ့်တစ်အိမ် အရောက်အပေါက်ရှိရာက ကျွန်တော်
ြင့်ရသလောက် ရေးပြရခြင်း ဖြစ်သည်။ အိမ်ရှင်လင်မယားက အသက်
ရွယ် ကြီးရင့်လှပြီလို့တော့ မဆိုသာ။ လေးဆယ်ဝန်းကျင်လောက် ရှိ
မည်ဖြစ်သော်လည်း မယားဖြစ်သူ မအိမ်ကောင်းကတော့ လင်ဖြစ်သူ
ိုအောင်ကျော်ဇံထက် လေးငါးနှစ်ငယ်ပုံ ရလေသည်။ ကိုအောင်ကျော်ဇံ
ရခိုင်အမျိုးသား ဖြစ်သည်။ အသားမဖြူမလျော်၊ အရပ်အနေ ထောင်
ာင်မောင်းမောင်းထဲက ဖြစ်သည်။ မအိမ်ကောင်းကတော့ အသားဖြူ
။ ရုပ်ရည်ကလေး သနရုပ္ပရှိသည်။ ထူးဆန်းတာက ဥတုသုံးပါးမရွေး
ွေးထည် မချွတ်ဘဲ ရောဂါစုံကို ကန်ထရိုက်ဆွဲထားခြင်း ဖြစ်သည်။

"ဆရာကြီး အကိုက်အခဲပျောက်ဆေးကလေး ဘာလေး မရှိဘူး
ား၊ အကြောတွေ တက်လွန်းလို့ ကျွန်မဖြင့် ညက ဦးနှောက်ကြောပါ
ြတ်ပြီမှတ်တာ၊ တစ်ကိုယ်လုံးလည်း တဖျင်းဖျင်းနဲ့..."

အိမ်မှာရှိသမျှ ဆေးတွေအားလုံးကို ရောဂါအမည်တပ်ကာ တစ်
တစ်မျိုး လာလာတောင်းတတ်သည်။ တစ်ခါက သွားဖုံးခြေနှင့် လျှာ
ာက်တွေမှာ အမှုတွေ ပေါက်လာသဖြင့် ဆရာဝန်က ညွှန်သော မက်ဒီ
လော့စ်ဖိုကက်ဗ်ဆေးကတ်ကို စားပွဲပေါ်မှာ တွေ့သွားရာ ဒါ ဘာဆေး
ွလဲ ဆရာကြီးလို့ အမှတ်တမဲ့ မေးသည်။ ကျွန်တော်က ရောဂါကို
ပြလိုက်တော့ မအိမ်ကောင်း ပြုံးလေသည်။

"အလိုက်သင့်လိုက်တာ ဆရာကြီးရယ်၊ ကျွန်မ အာခေါင်တွေမှာ
ည်း သဆော်သီးခြစ်တဲ့ စိန်ခလုတ်သာ ကြည့်တော့၊ ညက တစ်ညလုံး
ိပ်ရဘူး၊ ဆရာကြီးရယ် နှစ်လုံးလောက်တော့ စားကြည့်စမ်းပါရစေ"

www.burmeseclassic.com

